# ကျွန်ုပ်၏အသက်တာ

ဒုတိယနှစ်တွင် ရွှေတောင် အင်းမကြားတောင်တန်းနှင့် မိးရထားလမ်းလမ်းကြား ရှိသမ္မာရွာများကိုင်၄း၊ ဒုတိယနှစ်တွင် မိးရထားလမ်းနှင့် ပဲခူးရိုးမ တောင်ကြားရှိရွာများသို့ ၄င်း၊ သာသနာ ပြုဆရာနှင့်ဆရာမများပါ လှည်းနှစ်စီးနှင့်စားအိုးစားခွက်အိပ်ရာများပါ ယူဆောင်လျက်၊ တစ်ခါထွက်လျှင်အနည်းဆုံး ၂ လကြာလေသည်။ သာသနာပြုဆရာ မပါလျှင် ကျွန်ုပ်ကိုယ်တိုင်ဦးဆောင် ရသည်။

ကျမ်းစာသင်ကျောင်းမှထွက်ပြီးနောက်၊ ၁၂၅၅ ခု၊ တပေါင်းလတွင် ကျွန်ုပ်နှင့် တစ်ရွာတည်းနေ၊ မခင်အမည်ရှိသော တပည့်တော်မနှင့် လက်ထပ်ပါသည်။ လက်ထပ်ပြီးမှ ပေါင်းတည်မြို့သို့ပြောင်းရွှေ့၍ အသင်းတော်ကို ကြည့်ရှုစောင့်ထိန်း၍ ခရစ်ယာန်တို့တွင် အမှုတော်ဆောင်ရသည်။ ၁၂၅၉ ခု၊ တန်ခူးလ နှစ်ဆန်း ၅ ရက်တွင် သားမောင်လှဖူးကိုဖွားမြင်ပါသည်။ ထိုအချိန်၌ ၁၂၅၉ ခု၊ နတ္တော်လဆုပ် ၅ရက်။ ၁၈၉၇ ခု၊ ဒီဇင်ဘာ ၁၃ ရက်နေ့တွင်ပင် လက်တင်မင်္ဂလာခံရပါသည်။ ဤနှစ်မေလတွင် အင်းစိန် ကျမ်းစာသင်ကျောင်း၌ အောက်တန်းသင်ပေးရန် ခေါ်ဖိတ်ခြင်းခံရပါသည်။

၁၈၉၇ ခု၊ မေလ ၃ ရက်၊ ကျမ်းစာသင်ကျောင်းရောက်လျှင် ကိုယ်တိုင်ဆရာကြီးများထံ နည်းနာခံ၍ သင်ယူခြင်း၊ ကျောင်းသားများကိုလဲ သင်ပေးခြင်းဖြင့်ဆောင်ရွက်ရာ၊ ဆောင်းဥတုကျောင်းပြန်ဖွင့်သောအခါ၊ မန္တလေးဆရာသာဒင်ရောက်လာသဖြင့် ကျမ်းစာကျောင်း၌ သာဒင်နှင့်သာ ထပ်ဆုံမိပြန်ပါသည်။ ကျမ်းစာကျောင်းတွင် ကျောင်းအုပ်ကြီးများမှာ ဆရာသောမတ်၊ ဆရာအဲဝလက်၊ ဆရာမက်ကွာယား၊ ဆရာစိုက်ယက်၊ ဆရာရိချက်စင်၊ ဆရာဘဟန်တို့လက်ထက်၊ နှစ်ပေါင်း ၄၃ နှစ်လုပ်ဆောင်၍ နောက်ဆုံး၌ ၁၉၄၀ ပြည့်နှစ်တွင်အနားယူလျက် နေပါသည်။

ကျမ်းစာသင်ကျောင်း၌ အလုပ်လုပ်လျက် နေစဉ် ကျောင်းပိတ်သောရက်တွင်၊ အောက်မြန်မာပြည် စီရင်စုအရပ်၊ အထက်မြန်မာပြည် ပျဉ်းမနားနယ်မှစ၍ ဇန်းမော်ထိအောင် သွား၍ အမှုတော်ဆောင်ရွက်ခဲ့သည်။ တလိုင်း(မွန်) ကရင် မအူပင်နယ် စည်းဝေးကြီးများတွင် အခါခါရောက်၍ ဗုဒ္ဓဝါဒီ လူတို့အား ဟောပြောရပါသည်။ မော်လမြိုင် ဘီလူးကျွန်းချောင်းဆုံမြို့၌၊ လူ ၅ ယောက်နှစ်ခြင်းပေးရသည်။ မြင်းခြံမြို့၌ ၃ ယောက်၊ ဟင်္သာတမြောက်ကြို့ပင်ရွာ၌ ၃ ယောက်၊ တိုက်ကြီးနယ် ကွဲကူးလှိုင်မြစ်၌ ၃ ယောက်၊ ဝါးခယ်မမြို့၌ ၅ ယောက်၊ ဟင်္သာတဒူးယားအင်း၌ ၃ ယောက် ဤသို့ရောက်ရာအရပ် အသင်းတော်များအခွင့်နှင့် နှစ်ခြင်းပေးရသောသူ၊ ကရင်၊ မြန်မာ၊ တရုပ်၊ ကုလားပေါင်း ၁၀၀ ကျော်နှစ်ခြင်းပေးရသည်။

ပြည်နယ်၌ အမှုဆောင်လျက်ရှိစဉ်၊ ဆဲရေးခြင်းကိုပြည်နယ်ပေါက်ခေါင်းမြို့အရှေ့ရပ်သစ်ရွာ၌ တကြိမ်၊ ရွှေတောင်မြို့ကျပ်ရေးရွာ၌တကြိမ်၊ ပေါင်းတည်မြို့ ဆီပင်အင်းရွာ၌တကြိမ်ခံရသည်။ ခဲပစ်ခြင်း ပေါင်းတည်မြို့နေအိမ်၌၊ ဝိုင်း၍အုပ်ခဲပုလင်းစသည်နှင့်ပစ်ခတ်ခြင်း၊ ပန်းတောင်းကွေ့ရွာ၌ အုပ်ခဲနှင့်ပစ်ခတ်ခြင်း၊ ရွှေတောင်မြို့ရွှေပြောင်ပြောင်လမ်း၌ ကျောက်ခဲမိုးရွာခြင်း၊ ပေါင်းတည်ပေါ်ရွာ၌ နှစ်ဖက်ချွန်ဒုပ်နှင့်ပစ်ခတ်ခြင်း အစရှိသောဒုက္ခများအပြင်၊ တော၌ ထမင်းငတ်ခြင်း၊ လမ်းမသစ်ပင်အောက်စသည်၌ အိပ်ရခြင်း များကိုလည်း တွေ့ခဲ့ရသည်။ သို့သော်ဘယ်ဘေးဒုက္ခတခုခုမျှ ကျွန်ုပ်ကိုမနာစေရ မတော်မူသောယေရှုဘုရား၏ကျေးဇူးတော်ကြီးလှပေ၏။

ကျမ်းစာကျောင်းသို့ရောက်စ ကျောင်းအုပ်ကတော်မ မအဲဝလက်၏ တိုက်တွန်းခြင်းကြောင့်၊ လောကီသားလောကီသူ ခရစ်ယာန်တို့နှင့် ထိန်းမြှားစုံဖက်ခြင်းကြောင့်၊ ယုံကြည်ခြင်းတရားမှ ရွေ့လျောပျက်စီးခြင်းသို့ ရောက်သောမိန်းခလေး ယောက်ျားလေး တို့ကို အကြောင်းပြု၍ ခရစ်ယာန်မောင်ဘိုးတင့် ဝတ္ထုကိုပုံနှိပ်ထုတ်ဝေရာ ခရစ်ယာန်တို့များစွာ နှစ်သက်ကြသည်။ ယခုနှစ်ခြင်းစာပေအဖွဲ့က ထုတ်ဝေနေပါသည်။

ကျမ်းစာသင်ကျောင်းအုပ်ဆရာကြီးမက်ကွားယား၏ တိုက်တွန်းချက်အရ၊ အာဒိကပ္ပပျို့သစ် ဝေစာတစ်စောင်နှင့် ကျမ်းစာကျောင်းတွင်သင်ကြားရန်၊

ဇေပုဒွေါဝါသခေ်ပကျမ်းနှင့် ခရစ်ရောဝါဒ သခေ်ပကျမ်း ၂ စောင်ကို ၁၉၁၁ ခုနှ၌ ရေးပါသည်။ ဟသ်ာတ၊ ကြို့ပင် ကရင်အသင်းတော် သင်းထောက်သစ်တောအုပ် မောင်ညို၊ ဉက္ကံကုန်သည် ဒေါ်မကလေး၊ သုံးဆယ် သင်းအုပ်ဆရာဦးကံကြီးတို့၏ တိုက်တွန်းချက်အရ၊ လောကမျက်မှန်ကျမ်းအဖြေ၊ ဟသ်ာတ၊ ကြို့ပင် ကရင်သင်းထောက်ဆရာ ဦးကြာခို၊ ဦးသာပြော၊ ဦးထွန်းမောင်တို့တောင်းပန်၍ အာဒိစ္စောပမ အဖြေကျမ်း၊ ကိုယ်တော်ဘယ်သူ့ထံမှ နည်းမခံဟူသောဝေစာ၊ မှောင်မိုက်ထဲမှမြင်ရသော အလင်းဟူသောဝေစာ၊ မြန်မာလူမျိုးတို့တွင် အဦးသီးသောအသီး ဦးနောအကြောင်းစာ။ ဘုရားသခင်ဖန်ဆင်းနိုင်သလောဟူသော ပြဿနာစာ၊ ရှေးဖြစ်ဟောင်းအောင်းမေ့ဖွယ်ဝတ္ထု၊ မိမိအတို့ကောင်းသောအတို့ကိုရွေးသောမောင်မောင်သက်ဝတ္ထု၊ အစရှိသည်တို့ကို ရေးထုတ်သည့်အပြင်၊ ကျောင်းအုပ်ဆရာစိုက်ယက်၏ တိုက်တွန်းချက်အရ၊ မြန်မာပြည်နှင့်သင့်တော်အောင် ခရစ်ယာန်သိကြလောဇီစာအုပ်ကို လည်းပြင်ဆင်ရေးထုပ်ရာ၊ ဂျပန်နှင့်အင်္ဂလိပ် စစ်အတွင်း လက်ရေးမူစာအုပ် ပျောက်ဆုံး၍ မနိုပ်ရပါ။

ကျမ်းစာကျောင်း၌ ဆရာလုပ်စဉ် အခြားသာသနာအလုပ်များကိုလုပ်ဆောင်ခြင်းမှာ၊ ကျွန်ုပ်နှင့်အတူလုပ်ဖေါ်ဆောင်ဘက် ဖြစ်သော မန်းဆရာသာဒင်သည်၊ ၁၉၀၂ ခု၊ ကျမ်းစာသင်ကျောင်းဆရာအလုပ်မှထွက်၍ မန္တလေးမြို့ ဆင်းကားအပ်ချုပ်စက်ကုမ္ပဏီတွင် ကိုယ်စားလှယ်အဖြစ်နှင့် လုပ်တော့မည်ကိုသိ၍ ရန်ကုန်မြို့သင်းအုပ်ဆရာဦးဘိုးမင်းနှင့်တိုင်ပင်၍ ဤမျှကောင်းသော ဓမ္မဆရာတစ်ပါးသည် လောကီအလုပ် လုပ်သွားလျှင် ဘယ်မျှ နှမြောဖွယ်ဖြစ်သည်တကားဟု တိုင်ပင်၍ ကုရှိန်ဟိုက်စကူးမှာရှိသော နော်မာလ်ဆရာဦးလူထင်၊ ဦးဘိုးဆင့် မှစသောဆရာများ၊ ကမာရွတ် ရှိမ်းရထားရုံး စာရေးကြီး ဦးဘိုးချို၊ အစိုးရကျောင်းဆရာကြီးဦးသာယာ၊ ဒါဝတ်ရုံး စာရေးကြီးဦးဘိုးရိန် တို့နှင့် တိုင်ပင်၍ ၁၉၀၂ ခု၊ အောက်တိုဘာလ ၁၉ ရက်နေ့ ကုရှိန်ကျောင်းဝင်းဆရာ ဦးလူထင်နေအိမ်၌ စည်းဝေး၍ ဧဝံဂေလိတရားတော်ကိုဟောရန် ဧဝံဂေလိ အသင်းဖွဲ့စည်းပြီး မန္တလေးဆရာဦးသာဒင်ကိုအမှုတော်ဆောင်အဖြစ် ခန့်ထား၍ ဆောင်ရွက်စေပါသည်။ ဤအသင်းမှ မြန်မာသာသနာပြုအသင်း၊ မြန်မာသာသနာပြုအသင်းမှ မြန်မာပြည်နှစ်ခြင်းအသင်းတော်များအဖွဲ့ချုပ် ဟူ၍ အဆင့်ဆင့်နာမည်ပြောင်းခဲ့သော အသင်းဖြစ်သည်။

ဤဧဝံဂေလိအသင်းသည် အစ၌ ဟံသာဝတီ နယ်အတွင်း ဧဝံဂေလိတရားဟောရန် ဖွဲ့စည်းသော်လည်း တဖြည်းဖြည်း နယ်ချဲ့လျှက် ဒိစတြိတ်တိုင်း သာသနာပြုဆရာများ အလိုရှိက ကူညီ၍ ဆောင်ရွက်ခြင်း၊ နောက်မှာ မြန်မာပြည်မြေလတ် မြစ်ကွေးခရိုင်၌ ၎င်း၊ မြင်းခြံစစ်ကိုင်းခရိုင်၌၎င်း ဆောင်ရွက်၍ ယခုမှာတပြည်လုံး၏ အဖွဲ့ချုပ်ဖြစ်လေပြီ။ ထိုအသင်းကို တည်ထောင်သည်မှစ၍ မန်းဆရာနှင့်တွဲလျှက် တရံတခါ အသင်း၏ ဥက္ကဋ္ဌအဖြစ်နှင့် ၎င်း၊ တရံတခါ အတွင်းရေးမှူးအဖြစ်နှင့်၎င်း၊ တရံတခါ မြန်မာ့တမန်စာ အယ်ဒီတာအဖြစ်နှင့်၎င်း၊ ကျွန်ုပ်များစွာ ကူညီ၍ ဆောင်ရွက်ခဲ့သည်။ တမန်စာကို အယ်ဒီတာ အလုပ် မယူမီ ဧဝံဂေလိသတင်းစာ အယ်ဒီတာ အဖြစ်နှင့် ၄ နှစ်၊ နောက် မြန်မာ့တမန်စာနှင့် ပေါင်း၍ မြန်မာ့တမန် စာအယ်ဒီတာအဖြစ်နှင့် ၁၄ နှစ်ခန့်ဆောင်ရွက်လာရာ၊ စေတနာ့ ဝန်ထမ်း သက်သက် ဆောင်ရွက်ခဲ့သဖြင့် အသင်း၏ အမှုဆောင်ကော်မီတီလူကြီးများက၊ ရွှေလက်ပတ်နာရီတစ်လုံးကို ဆုပေးကြပါသည်။ အသင်း၏ ကိုယ်ပိုင်သတင်းစာထုတ်ဝေမှု နယ် သီးခြားယူ၍ သာသနာပြုမှုတို့ကိုလည်း ကိုယ်တိုင်အကြံပေး၍ ဆောင်ရွက်ခဲ့သည်။ အသင်းတည်စဉ်၌ရင်းနှီးငွေ ၁၀၀၀၀ စုခြင်း၊ ပေါင်းတည်မှသာသနာလယ် ၁၇ ကေ၊ မော်လမြိုင်ကျွန်း ကြုံလှမှ လယ် ၃၁ ကေ အဖိုးငွေ ၈၀၀၀၀ တန်ကိုမြန်မာသာသနာ ပြုအသင်းအတွက်၊ ကျွန်ုပ်နာမည်နှင့် ရေစစ်စရိ ပြုလုပ်အလှူခံလျှက် ထားခဲ့ပါသည်။ အသင်း၏ အတွက် ကျွန်ုပ်ဆောင်ရွက်ခဲ့သမျှမှာ စေတနာ့ ဝန်ထမ်းသက်သက်ဖြစ်ပေတည်း။

ကျမ်းစာသင်ကျောင်း၌ ရှိစဉ်၊ ဆရာဝိုက်ယက် ကျောင်းအုပ်ဖြစ်စဉ်၊ မြန်မာကျမ်းစာသင်ကျောင်းမှ ထွက်သောလူအမျိုးမျိုးတို့ကို အင်းစိန်မြို့ မြန်မာစာကျမ်းစာသင်ကျောင်းမှ ထွက်သော ဓမ္မဆရာအသင်း ဟူသောအမည်နှင့် ၁၉၁၉ ခု၊ အောက်တိုဘာလ ၁၀ ရက်နေ့၌ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ အသင်း၏ ရည်ရွယ်ချက်မှာ အမြို့မြို့၌ရှိသော ဓမ္မဆရာတို့ ဓမ္မအမှု၌ တိုးတက်ဆောင်ရွက်နိုင်ရန်၎င်း၊ ကျမ်းစာသင်ကျောင်းတိုးတက်နိုင်ရန် မစရန်၎င်း၊ အချင်းချင်းမေတ္တာထုံးဖွဲ့၍ ချစ်ခြင်းမေတ္တာ တိုးတက်တက်စေရန်၎င်း၊ လောက၌ ချို့တဲ့ အားနည်း ဒုက္ခရောက်သော ဓမ္မဆရာနှင့် ၎င်းတို့မှ ဆက်နွယ်သော သားမယားတို့အား တတ်အားသမျှ ထောက်ပံ့အံ့ငှာ၎င်း၊ ဖွဲ့စည်းခြင်း ဖြစ်ပါသည်။ နောက်အသင်းတည်၍ ၃ နှစ်။ ၁၉၂၂ ခုနှစ် ရောက်သောအခါ၊ ကွယ်လွန်သော ဓမ္မဆရာ၏ စပ်ဆိုင်သူတို့ကို မစရန်၊ ရန်ပုံငွေဖွင့်၍ ကွယ်လွန်သောသူ ဓမ္မဆရာကြီးများ၏ စပ်ဆိုင်ရာသူတို့ကို ထုတ်ပေးမစလျှက် ရှိနေခဲ့လေပြီ။

*–ပြည်သာဒင်–*